ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၂) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်

**မာတိကာစဉ်**


၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း။ ၂-၃

၂။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေးသတ်မှတ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ ၄-၅

၃။ ကနေဒါနိုင်ငံတွင် ဆေးလိပ်သောက်သုံးခြင်းအန္တရာယ်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့် အမှုများအပေါ် စီးကရက်ကုမ္ပဏီများက နစ်နာကြေးပေးလျော်ခြင်းအကြောင်း။ ၆-၇

၄။ အွန်လိုင်းလိမ်လည်မှုကို ရင်ဆိုင်ဖြေရှင်းရမည့် နည်းလမ်းနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့က အကြံပြုချက်ထုတ်ပြန်ခြင်း။ ၈-၁၀

၅။ အိန္ဒိယနိုင်ငံ၏ National Legal Services Day အကြောင်းသိကောင်းစရာ။ ၁၁

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ဖြင့် ၄-၆-၂၀၁၄ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၁/၂၀၂၁ ဖြင့်၁-၈-၂၀၂၁ရက်နေ့တွင် ပထမအကြိမ်၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆/၂၀၂၄ ဖြင့် ၂၆-၉-၂၀၂၄ ရက်နေ့တွင် ဒုတိယအကြိမ်ပြင်ဆင်ခဲ့ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၅၃ တို့ကို အစားထိုးခဲ့ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအရ လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်ရေးအတွက် အစီအမံများချမှတ်ခြင်းကို ဗဟိုအဖွဲ့က ဆောင်ရွက်နိုင်ပြီဖြစ်ပါ သည်။

ထို့ပြင် ယခင်က ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ဆောင်ရွက်ရန်တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းအတွက်သာ အရေးယူအပြစ်ပေးနိုင်မည်ဖြစ်သော်လည်း ယခုအခါ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ အပြင် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ဆောင်ရွက်ရန်တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ကိုလည်း အရေးယူအပြစ်ပေးနိုင်တော့မည်ဖြစ်ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေသည် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)က ထုတ်ပြန်သည့် မြန်မာနိုင်ငံက

ဆောင်ရွက်ရမည့်အချက်တစ်ချက်ဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာ အရေးယူမှုနှင့်စပ်လျဉ်းသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ နှင့်စပ်လျဉ်းသည့် သတင်းစဉ်

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ရွှေဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးအတွက် နေ့စဉ်ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ သတ်မှတ်ထုတ်ပြန်ရန် ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာကို၂၄-၁၀-၂၀၂၄ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၃၆/၂၀၂၄) ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၅ ဦး ပါဝင်ကြောင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်အတွင်း ရွှေဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးအတွက် ၁၉၆၇ ခုနှစ်က ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနမှထုတ်ဝေသည့် တွက်ချက်မှုအမျိုးမျိုးနှင့် စံနှုန်းများဥပါရှိသောခတ်သတ္တု(ရွှေ)အတွက် အသုံးပြုသည့် မြန်မာ့အလေးချိန်၊ နေ့စဉ်ကမ္ဘာ့ရွှေဈေးနှုန်း၊ အိမ်နီးချင်းနိုင်ငံများ၏ရွှေဈေးနှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပြည်တွင်းရွှေဈေးကွက်အခြေအနေတို့ကို အခြေခံ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်ထုတ်ပြန်သည့် ငွေလဲလှယ်နှုန်းဖြင့် စိစစ်တွက်ချက်ထားသော မြန်မာနိုင်ငံ အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့် ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးကို ကော်မတီဝင်အနည်းဆုံး လေးပုံ သုံးပုံတက်ရောက်၍ နေ့စဉ် Online Virtual Meeting ပြုလုပ်ပြီး အတည်ပြုသတ်မှတ်ထုတ်ပြန်ခြင်း၊ ရွှေလုပ်ငန်းရှင်များဖြင့်ဖွဲ့စည်းထားသော ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးနှုန်းသတ်မှတ်ရေးလုပ်ငန်း အဖွဲ့မှ နေ့စဉ်တင်ပြလာသည့်ရွှေဈေးနှုန်းကို ထည့်သွင်းစိစစ်ဆောင်ရွက်ခြင်း၊ နေ့စဉ်တွက်ချက် ထုတ်ပြန်သည့်ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးအား အများပြည်သူသိရှိနိုင်ရေးအတွက် ပြန်ကြားရေး ဝန်ကြီးဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း၊ ကမ္ဘာ့ရွှေဈေးနှုန်း ထူးခြားသိသာစွာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာပါက ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးကို အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းသတ်မှတ်ထုတ်ပြန်

ခြင်း၊ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ နိုင်ငံတော်အတွင်း ရွှေဈေးကွက်မတည်မငြိမ်ဖြစ်ပေါ်စေရန် ရည်ရွယ်လုပ်ဆောင်မှုများကို ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးနှုန်းသတ်မှတ်ထုတ်ပြန်၍ ကာကွယ်တားဆီးခြင်းနှင့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းအပါအဝင် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ၏အကြံပြုချက်များ ရယူဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : ပြည်ထောင်စုအစိုးရအဖွဲ့

## ကနေဒါနိုင်ငံတွင်ဆေးလိပ်သောက်သုံးခြင်းအန္တရာယ်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့်အမှုများအပေါ် စီးကရက်ကုမ္ပဏီများက နစ်နာကြေးပေးလျော်ခြင်းအကြောင်းသိကောင်းစရာ

ကနေဒါနိုင်ငံတွင် စီးကရက်ကုမ္ပဏီသုံးခုသည် ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမှအစပြု၍ အမေရိကန်ဒေါ်လာ 32.5 ဘီလီယံပေးလျော်ရမည့်အပေါ် ဖြေရှင်းပေးရန် ဥပဒေကြောင်းအရအဆိုပြုခဲ့ပါသည်။ အဆိုပါအဆိုပြုချက်အရ ဆက်လက်စေ့စပ် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တရားရုံး၏အတည်ပြုချက်ရရှိရန် ကျန်ရှိပါသည်။

Ontario Superior Court of Justice မှ ဆေးလိပ်နှင့်ဆေးရွက်ကြီးနှင့်ဆက်စပ်သည့် တောင်းဆိုမှုများနှင့်စေ့စပ်ညှိနှိုင်းခြင်းကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းဖျန်ဖြေသူ တစ်ဦးအား ခန့်အပ်ခဲ့ပါသည်။ အဆိုပါအဆိုပြုချက်အရ အမေရိကန်ဒေါ်လာ 24.8 ဘီလီယံအား ပြည်နယ်နှင့်ဆက်စပ်နယ်မြေများအားလည်းကောင်း၊ အမေရိကန်ဒေါ်လာ 2.5 ဘီလီယံအား အခြား ကနေဒီယံလူမျိုးများအားလည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁ ဘီလီယံအား တိုက်ရိုက်လက်ခံရရှိ ခြင်းမရှိသည့်ပြည်သူများအတွက် ရန်ပုံငွေထူထောင်ပေးရန် ပါရှိပါသည်။ ကနေဒီယံကင်ဆာအဖွဲ့ အစည်းက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသောကိစ္စရပ်များဖြစ်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်မှုအတွက် ရေရှည်ထောက်ပံ့ပေးရန်နှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးလုပ်ငန်း များကိုထိန်းချုပ်သည့်မူဝါဒများချမှတ်ရာတွင် အဆိုပြုငွေများကိုသုံးစွဲရန် ဝေဖန်ထောက်ပြခဲ့ပါသည်။

တရားစွဲဆိုမှုသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးနှင့်ဆက်စပ်သည့်ကုမ္ပဏီများက ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများသည် သုံးစွဲသူများအားအန္တရာယ်ဖြစ်စေကြောင်း အသိပေးရန် ပျက်ကွက်ခဲ့ခြင်း အတွက်စွဲဆိုမှုဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်တွင် Quebec တွင်နေထိုင်သူများက ဆေးလိပ်သောက်သုံးခြင်း ကြောင့် လည်ချောင်းကင်ဆာနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများခံစားရသည့်အတွက် ၎င်းတို့၏ နစ်နာမှုအဖြစ် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအား Blais - Letourneau အပေါ် တောင်းဆိုခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် Quebec အယူခံတရားရုံးက တရားပြိုင်ကုမ္ပဏီများအနေဖြင့် နှစ်ပေါင်းများစွာ သုံးစွဲသူ

များအပေါ် မတရားဆုံးရှုံးများဖြစ်ပေါ်စေသည့်အတွက် နစ်နာကြေးအမေရိကန်ဒေါ်လာ 6.8 ဘီလီယံ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့ပါသည်။

ကနေဒါနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုသည် အရွယ်မတိုင်ခင်သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့သည့်အတွက် ၂၀၀၀ ပြည့်နှစ်တွင် British Columbia သည် Tobacco Damages and Health Care Costs Recovery Act ကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေအရ သတ်မှတ်နယ်မြေအတွင်း နေထိုင်သူများ ဆေးလိပ်သောက်သုံးမှုကြောင့်ဖြစ်ပေါ်လာသည့်ရောဂါများအား ကုသရာတွင် ကုန်ကျစရိတ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ကုမ္ပဏီများထံမှ ပြန်လည်ရရှိစေမည်ဖြစ်ပါသည်။ ကနေဒါနိုင်ငံ၏တရားလွှတ်တော်ချုပ်က ၂၀၀၅ ခုနှစ်တွင် အဆိုပါဥပဒေအား အခြားပြည်နယ်များတွင်ပါ ဥပဒေပြဋ္ဌာန်းနိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဥပဒေများအရ သတ်မှတ်ထားသည့် ပြည်နယ်များရှိ ဆေးလိပ်သောက်သုံးသူများသည် ဆေးလိပ်၊ဆေးရွက်ကြီးနှင့်ဆက်စပ်သည့် ကျန်းမာရေးကုန်ကျစရိတ်များအတွက် နစ်နာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံထက် ပိုမိုရရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် British Columbia သည် Opioid Health Care Cost Recovery Act အား ပြဋ္ဌာန်းခဲ့ပြီး ယင်းပြဋ္ဌာန်းချက်များအရ ထုတ်လုပ်သူများ၊ ဖြန့်ဖြူးသူများနှင့် Opioid (အပြင်းအထန် နာကျင်မှုကိုသက်သာစေသည့်ဆေးဝါး)များအလွဲအသုံးပြုခြင်းနှင့်ဆက်စပ်သည့် ကျန်းမာရေးကုန်ကျစရိတ်များအတွက် အကြံပေးသည့်ဆရာဝန်များအား တရားစွဲဆိုရန် ခွင့်ပြုခဲ့ပါသည်။ ယင်းဥပဒေပုဒ်မ ၁၁ အရ နစ်နာသူများ၏ကိုယ်စား အစိုးရက တရားစွဲဆိုခွင့်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် https://www.jurist.org/news/2024/10/tobacco-companies-proposes-32-5b-settlement- for-canada-smoking-risk-cases/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၂) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်

## အွန်လိုင်းလိမ်လည်မှုကို ရင်ဆိုင်ဖြေရှင်းရမည့်နည်းလမ်းနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့ကအကြံပြုချက်ထုတ်ပြန်ခြင်း

Digital Arrest ဆိုသည်မှာ ငွေကြေးခဝါချမှု သို့မဟုတ် ကိုယ်ရေးအချက်အလက်ခိုးယူမှု ကဲ့သို့သော တရားမဝင်ဆောင်ရွက်မှုများဖြင့် စုံစမ်းစစ်ဆေးခြင်းခံနေရသည်ဟုဆိုကာ မက်ဆေ့ဂျ်၊ အီးမေးလ် သို့မဟုတ် ဖုန်းခေါ်ဆိုမှုတစ်ခုခုပြုလုပ်၍ အွန်လိုင်းလိမ်လည်မှုဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အစိုးရ၏ဆိုက်ဘာလုံခြုံရေးအေဂျင်စီဖြစ်သော အိန္ဒိယနိုင်ငံ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (CERT-In) ၏ အကြံပြုချက်အရ သိရှိရပါသည်။

အွန်လိုင်းလိမ်လည်သူများသည် ၎င်းတို့တောင်းဆိုသည့်အတိုင်း ချက်ချင်းဆောင်ရွက်ပေးခြင်း မရှိပါက ဥပဒေဆိုင်ရာဆိုးကျိုးများခံစားရမည် သို့မဟုတ် ဖမ်းဆီးခြင်းခံရမည်ဟု ခြိမ်းခြောက်လေ့ ရှိကြောင်း၊ နစ်နာသူအနေဖြင့် ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဆင်ခြင်နိုင်မှုမပြုနိုင်လောက်အောင် ထိတ်လန့်ကြောက်ရွံ့စေရန်ပြုလုပ်လေ့ရှိကြောင်း၊ နစ်နာသူများရင်ဆိုင်နေရသည့် စုံစမ်းစစ်ဆေးခံရမှု ကို ကူညီဆောင်ရွက်ပေးမည်ဟု လှည့်ဖြားပြောဆို၍ ၎င်းတို့ သတ်မှတ်ထားသည့် ဘဏ်အကောင့်များ သို့မဟုတ် ငွေလွှဲအကောင့်များသို့ ငွေအမြောက်အမြား လွှဲပြောင်းပေးရန် အတင်းအကြပ်ပြုလေ့ရှိ ကြောင်း အိန္ဒိယနိုင်ငံကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့(CERT-In)၏ အကြံပြုချက်တွင် ပါရှိပါသည်။

အစိုးရဌာနများအနေဖြင့် တရားဝင်ဆက်သွယ်ဆောင်ရွက်မှုများပြုလုပ်ရာတွင် WhatsApp သို့မဟုတ် Skype ကဲ့သို့သော platform များကိုအသုံးပြုခြင်းမရှိကြောင်း၊ ဆိုက်ဘာမှုခင်းကျူးလွန်သူ များကဆက်သွယ်လာပြီး ထိတ်လန့်ကြောက်ရွံ့စေရန်ပြောဆိုပါကလည်း ထိတ်လန့်ကြောက်ရွံ့ရန် မလိုအပ်ကြောင်း နှင့် အထူးသဖြင့် မရင်းနှီးသောဖုန်းနံပါတ်များဖြင့် ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် ဗီဒီယို ခေါ်ဆိုခြင်းပြု၍ ဆက်သွယ်လာပါက မိမိတို့၏အရေးကြီးသော ကိုယ်ရေးအချက်အလက်ကိုသော် လည်းကောင်း၊ ငွေကြေးဆိုင်ရာအချက်အလက်ကိုသော်လည်းကောင်း မျှဝေခြင်းမပြုကြရန်ဖြစ် ကြောင်း၊ တစ်စုံတစ်ယောက်ကဖုန်း သို့မဟုတ် အွန်လိုင်းကိုအသုံးပြု၍ ငွေကြေးတောင်းခံခြင်းသည် လိမ်လည်မှုဖြစ်နိုင်ခြေများကြောင်း၊ ထိုသို့သောဆိုက်ဘာခြိမ်းခြောက်မှုများဖြစ်ပေါ်လာခြင်းမှ ကာကွယ်

နိုင်ရန် စောင့်ကြည့်သတင်းပေးပို့ခြင်းသည်အရေးကြီးကြောင်း အိန္ဒိယနိုင်ငံကွန်ပျူတာအရေးပေါ် တုံ့ပြန်ရေးအဖွဲ့ (CERT-In)က အကြံပြုထားပါသည်။

ယင်းအကြံပြုချက်အရ အင်တာနက်ကိုအသုံးပြု၍အယောင်ဆောင်ကာ အချက်အလက်နှင့် ငွေကြေးများခိုးယူခြင်း (Phishing)ဆိုသည်မှာ ယုံကြည်စိတ်ချရသည့်အဖွဲ့အစည်းများ၏အမှတ်အသား နှင့်တံဆိပ်များကိုအသုံးပြု၍ တရားဝင်ဖြစ်သည်ဟုထင်ရသည့် မက်ဆေ့ဂျ်နှင့် အီးမေးလ်များမှတစ်ဆင့် လိမ်လည်ရယူခြင်းဖြစ်ကြောင်း၊ ထီနှင့်ဆုကြေးငွေကိုအကြောင်းပြု၍ လိမ်လည်ခြင်း (Lottery and Prize) ဆိုသည်မှာ နစ်နာသူအနေဖြင့် ငွေကြေးအမြောက်အမြားပါဝင်သည့်ဆုကို ရရှိထားပြီး ယင်းဆုကြေး တောင်းခံနိုင်ရန် အခွန်အခပေးဆောင်ရမည်ဟု အသိပေးချက်များပေးပို့၍ ငွေကြေးလိမ်လည်ရယူခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် ဆိုက်ဘာမှုခင်းကျူးလွန်သူများသည် အောက်ပါနည်းလမ်းတစ်မျိုးမျိုးဖြင့်လည်း ကျူးလွန် လေ့ရှိကြောင်း သိရှိရပါသည်-

(က) တစ်စုံတစ်ယောက်၏ကွန်ပျူတာအတွင်းသို့လျှို့ဝှက်စွာဝင်ရောက်ပြီး အရေးကြီးသော ကိုယ်ရေးအချက်အလက်များကို ခိုးယူခြင်းဖြင့် နည်းပညာအသုံးပြုသူများ၏နည်းပညာ ဆိုင်ရာအသိပညာအားနည်းမှုကိုအခွင့်ကောင်းယူ၍ လိမ်လည်ခြင်း (tech support scam)၊

(ခ) ဆင့်ပွားဈေးကွက်ရှာစီးပွားရေးစနစ်မှတစ်ဆင့် အကျိုးအမြတ်များ အလျင်အမြန်ရရှိ မည်ဟုကတိပြုပြောဆိုခြင်းဖြင့် ရင်းနှီးမြှုပ်နှံလာစေရန် ငွေကြေးလိမ်လည်ခြင်း (investment scam) ၊

(ဂ) အီးမေးလ် သို့မဟုတ် လူမှုကွန်ရက်မှတစ်ဆင့် ဆက်သွယ်ပြီး ငွေလွှဲပြေစာအတုများ ဖြင့် နစ်နာသူ၏အကောင့်သို့ ငွေများမှားယွင်းလွှဲပြောင်းမိသည်ဟုဆိုကာ အဆိုပါ ငွေများကို ချက်ချင်း ပြန်လည်လွှဲပြောင်းပေးရန် ပြောဆိုလိမ်လည်ခြင်း(Mistaken money-transfer scam)၊

(ဃ) တရားဝင်ဆက်သွယ်ရေးအဖွဲ့အစည်းအမည်ဖြင့် ၎င်းတို့၏ဝန်ဆောင်မှုတွင် ပြဿနာများရှိနေကြောင်းနှင့်ဖြေရှင်းဆောင်ရွက်နိုင်ရေး ကိုယ်ရေးအချက်အလက်အတည်ပြုရန် တစ်ခါသုံးစကားဝှက်(OTPs)နှင့် ဘဏ်အချက်အလက်များကို မက်ဆေ့ချ်များ သို့မဟုတ် ဖုန်းခေါ်ဆိုမှုများဖြင့် တောင်းခံ လိမ်လည်ခြင်း (Phone scam)၊

(င) မူးယစ်ဆေးဝါးပါရှိသည့်အထုပ် သိမ်းဆည်းရမိထားကြောင်းနှင့် ဒဏ်ငွေပေးဆောင်ခြင်းမရှိပါကဥပဒေကြောင်းအရ အရေးယူဖမ်းဆီးခြင်းခံရမည်ဖြစ်ကြောင်း မက်ဆေ့ချ်များ သို့မဟုတ် ဖုန်းခေါ်ဆိုမှုများဖြင့် ပြောဆိုလိမ်လည်ခြင်း (Parcel scam) ။

တရားမစွဲမှိဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်:

- https://www.telegraphindia.com/india/governments-cyber-security-agency-cert-in-issues-advisory-on-how-to-fight-digital-arrest/cid/2058828

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၂) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်

## အိန္ဒိယနိုင်ငံ၏ National Legal Services Day အကြောင်းသိကောင်းစရာ

နှစ်စဉ် နိုဝင်ဘာလ ၉ ရက်နေ့သည် အိန္ဒိယနိုင်ငံ၏ National Legal Services Day ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ၁၉၈၇ ခုနှစ် Legal Services Act သည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ပြီး National Legal Services Authority(NALSA) ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

အိန္ဒိယနိုင်ငံတရားရုံးချုပ်က ၁၉၉၅ ခုနှစ်မှစတင်၍ National Legal Services Day ကို သတ်မှတ်ခဲ့ခြင်းမှာ လိုအပ်သောသူများကို ဥပဒေဝန်ဆောင်မှုအခမဲ့ပေးရေးကို အလေးထားဆောင်ရွက်ရန် ရည်ရွယ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် National Legal Services Day ၏ဆောင်ပုဒ်မှာ “ Empowering Justice: Accessible Legal Aid for All ” ဖြစ်ပါသည်။ ပြည်နယ်အားလုံးတွင် တာဝန်ရှိသူများက ပြည်သူများအား ဥပဒေအသိပညာပေးရန် ရည်ရွယ်၍ National Legal Services Day ကို ကျင်းပကြမည်ဖြစ်ပါသည်။ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးစသည့်အကြောင်းအရာများကို ဆွေးနွေးခြင်း၊ တရားမမှု၊ ရာဇဝတ်မှုနှင့် မိသားစုရေးရာကိစ္စများအတွက် အခမဲ့ဆွေးနွေးအကြံပြုခြင်း၊ ဥပဒေဝန်ဆောင်မှုအခွဲ့ရယူနိုင်ခြင်းနှင့် မည်သို့ဆောင်ရွက်ရမည်စသည်တို့ကို ရေဒီယို၊ ရုပ်မြင်သံကြားစသည့် မီဒီယာတို့မှတစ်ဆင့် ပညာပေးထုတ်လွှင့်ခြင်း၊ ရှေ့နေများ၊ တရားသူကြီးများနှင့်ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းသူပညာရှင်များက လူထုနှင့်တွေ့ဆုံ၍ ဥပဒေဆိုင်ရာမေးခွန်းများမေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ရည်ညွှန်း www.paratidintime.com

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၂) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

